လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ April 2025

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (၂/ ၂၀၂၅) အစည်းအဝေး ကျင်းပပြုလုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြား



၂၀၂၅ ခုနှစ်၊ ဧပြီလ ၂ ရက် **နေပြည်တော်**

အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့ပါသည်။

အစည်းအဝေး၌ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မတ် ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားမှုကြောင့် ထိခိုက်ပျက်စီးသေဆုံးမှုများ အများဆုံးဖြစ်ပေါ်ခဲ့သည့် ဒေသများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံပေါင်း ၂၀ မှ ကူညီကယ်ဆယ်ရေး အဖွဲ့ဝင်များ စေလွှတ်ပေးနေမှုနှင့် လူသားချင်း စာနာသည့်စိတ်ဖြင့် အားတတ်သရော

ကူညီပေးမှုများအတွက်များစွာကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော် ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတကာကို ဖိတ်ခေါ် ဆောင်ရွက်မှုများကြောင့် နိုင်ငံတကာမှ အသုံးပြုသည့် နောက်ဆုံးပေါ် ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် ထိတွေ့ခွင့်ရရှိပြီး နည်းပညာအသုံးချမှု များနှင့် အဆင့်မြင့် နည်းပညာသုံးပစ္စည်းများ၏ စွမ်းပကားများကို တစ်ဖက်မှလည်း လေ့လာခွင့်ရခဲ့ ကြောင်း၊ ယင်းသည် အဖိုးမဖြတ်နိုင်သည့်အတွေ့အကြုံ ကောင်းများဖြစ်ပါကြောင်း၊နိုင်ငံတကာမှကယ်ဆယ်ရေး အဖွဲ့ဝင်များနှင့် ပူးပေါင်း ဆောင်ရွက်မှုများကြောင့် ဒုက္ခရောက်နေသည့် နိုင်ငံသားများအနေဖြင့် အသက် ရှင်ခွင့်ရသလို ပြည်တွင်းမှ ကယ်ဆယ်ရေးအဖွဲ့များ အနေဖြင့်လည်း ၎င်းတို့အသုံးပြုသော တန်ဖိုးမဖြတ် နိုင်သည့် နည်းပညာများ၊ ခေတ်မီစက်ပစ္စည်း အသုံးပြုမှု ပညာရပ်များကို မျှဝေရရှိကြောင်း၊ ကယ်ဆယ်ရေး ပစ္စည်းများကို မြန်မြန်ရောက် မြန်မြန်ပို့၊ မြန်မြန်ဖြန့် စနစ်ဖြင့် ဆောင်ရွက်နေပြီး နိုင်ငံတော်ဝန်ကြီးချုပ် ကလည်း နိုင်ငံတကာမှ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ ရေးပစ္စည်းများ ရောက်ရှိပါက အရန်လုံးဝမထားဘဲ လျှော်ဒဏ်သင့်ပြည်သူများ လက်ဝယ်သို့ အမြန်ဆုံး ရောက်ရှိ အောင်ပို့ဆောင်ရန် ညွှန်ကြားထားကြောင်း၊ လျှော်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေး နှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင်လည်း အားတက် တရော လှူဒါန်းကြသည့်အတွက် ကြည်နူးဝမ်းမြောက် ဖွယ် တွေ့မြင်ရပါကြောင်းနှင့် ပြည်တွင်း၊ ပြည်ပ အလှူရှင်များနှင့် ဝန်ကြီးဌာနများမှ လှူဒါန်းငွေများ ကိုလည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင် ရေးလုပ်ငန်းများအတွက် စနစ်တကျ စီမံသုံးစွဲရန် လိုအပ်ကြောင်းပြောကြားခဲ့ပါသည်။

လျှော်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ် ခဲ့သည့် ဝန်ထမ်းအိမ်ရာများ၊ ရုံးအဆောက်အဦများနှင့် ပတ်သက်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဝန်ထမ်းများနှင့် မိသားစုဝင် များ စားသောက်ရေး အဆင်ပြေစေရေးနှင့် ယာယီ နေထိုင်နိုင်ရေးအတွက် စီစဉ်နေရာ ချထားပေးရမည် ဖြစ်ကြောင်း၊ ထိုသို့စီစဉ်ရာတွင် မိုးတွင်းကာလနှင့် ချိန်ညှိ၍ မိုးရာသီမတိုင်မီ မိုးလုံလေလုံ ယာယီ/ အမြဲတမ်း အဆောက်အဦများ ဆောင်ရွက်ထားရန်မှာ အရေးကြီးသည့်အချက် ဖြစ်ကြောင်း၊ ပထမအဆင့် အနေဖြင့် ပျက်စီးနေသည့် အပျက်အစီးများကို ဖယ်ရှား ရှင်းလင်းရန်၊ ဒုတိယအဆင့်အနေဖြင့် နေထိုင်ရန် မသင့်သည့် ယိုင်နဲ့နေသည့်နေအိမ်များကို ဖြိုဖျက်ရန်၊ တတိယ အဆင့်အနေဖြင့် ကျန်အဆောက်အဦများကို ဆက်လက်အသုံးပြုရန် သင့်/ မသင့် စစ်ဆေးရန်နှင့် နောက်ဆုံးအနေဖြင့် တည်ဆောက်ရေးအပိုင်းဖြစ်ကာ တည်ဆောက်ရေးဆောင်ရွက်ရာတွင် လက်ရှိ နေရာ တွင်ပင် တည်ဆောက်ရန် သင့်/ မသင့်ကို ဘူမိဗေဒ ပညာရှင်များ၊ လျှော်ပညာရှင်များ အင်ဂျင်နီယာ ကောင်စီမှ ပညာရှင်များနှင့် တိုင်းတာစစ်ဆေးရန် ဖြစ်ပြီး တည်ဆောက်ရန် မသင့်ပါက သင့်တော်သည့် အခြားမြေနေရာ ရှာဖွေ တည်ဆောက်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်လည် တည်ဆောက် ရေးနှင့် နေရာချထားရေးဆောင်ရက်ရာတွင် ဝန်ကြီး ဌာနအလိုက် တစ်စုတစ်စည်းထဲ နေရာချထားရန် လိုအပ်သည်ကို တွေ့ရကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများ အနေဖြင့် ကော်မတီများ အလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆောင်ရွက် နေဆဲကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲ များနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ယာယီ ပြန်လည် နေရာချထားရေးကိစ္စရပ်များနှင့် အမြဲတမ်း နေရာချထားရေး ကိစ္စရပ်များကို ထိထိရောက်ရောက် ဆွေးနွေးကြရန်လိုကြောင်း ဆွေးနွေးမှာကြားခဲ့ပါသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ (၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ကော်မတီ ဒုတိယ ဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့က မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံတကာမှရှာဖွေ ကယ်ဆယ်ရေးအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်နေမှု၊ လျှော်ဒဏ်သင့်ဒေသများ တွင် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်

ပေးထားမှု၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေး ပစ္စည်းများ၊ ကူညီ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးအဖွဲ့များနှင့် ထောက်ပံ့ပစ္စည်းများရောက်ရှိမှု၊ အဆိုပါ ကယ်ဆယ်ရေး အဖွဲ့များနှင့် ထောက်ပံ့ပစ္စည်းများကို စနစ်တကျ ဖြန့်ခွဲနေရာချထားပေးမှု၊ ဆက်သွယ်မှု လမ်းကြောင်းများမပြတ်တောက်စေရန် ပျက်စီးသွားသည့် လမ်း၊ တံတားများအား ယာယီသွားလာနိုင်ရေး ပြင်ဆင် ဆောင်ရွက်ပေးထားမှု၊ ငလျင်ဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းများအား အခြေခံ စားသောက်ကုန်များနှင့် လိုအပ်ချက်များကို ထောက်ပံ့ပေးအပ်လျက်ရှိမှု၊ မြေပြင်စာရင်းကောက်ယူရေးအဖွဲ့များဖြင့်ပျက်စီးဆုံးရှုံးမှု စာရင်းများ ကောက်ယူလျက်ရှိမှု၊ AHA Center ၊ နိုင်ငံတကာနှင့် ပြည်တွင်း၊ ပြည်ပ အလှူရှင်များမှ အလှူငွေများနှင့် ထောက်ပံ့ရေးပစ္စည်းများ လက်ခံရရှိမှု တို့နှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြပါသည်။

ထို့နောက် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်း ငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှု အခြေအနေများ၊ ငလျင်ဒဏ်ကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ အရေးပေါ်ကူညီ ကယ်ဆယ်ရေးဆောင်ရွက်နေမှုများ၊ ငလျင်ဘေးဒဏ် ခံစားရသည့် ဝန်ထမ်းများအတွက် ဝန်ကြီးဌာနအသီးသီး အလိုက် စားသောက်၊ နေထိုင်မှုနှင့် လုံခြုံရေးအတွက် ဆောင်ရွက်ပေးထားမှု အခြေအနေများ၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးအတွက် နိုင်ငံတကာမှ ကမ်းလှမ်းထားသည့် အခြေအနေများ၊ စိုက်ပျိုးမြေများနှင့် တာ၊ တမံများပျက်စီးမှု၊ နိုင်ငံတကာမျက်နှာစာတွင် လက်ရှိဖြစ်ပေါ်မှုများနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး၊ ယာယီဆေးရုံ၊ ဆေးခန်းများဖွင့်လှစ်ထားရှိမှု၊ ကယ်ဆယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော် (လေ) မှ လေယာဉ်၊ ရဟတ်ယာဉ်များ အဆင်သင့် စုဖွဲ့ထားရှိမှု၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေး တင်ပြကြပါသည်။

ဆွေးနွေးတင်ပြမှုများအပေါ် အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဆောက်အဦများအား ပြန်လည်တည့်မတ်ရန်အတွက် လိုလောက်သည့်ပစ္စည်း ကိရိယာများ ရရှိရေး၊ ယာယီဆေးရုံများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး၊ သံဃာတော်များ၏ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စနှင့် ယာယီ ကျောင်းဆောင်များ အဆင်ပြေမှုရှိစေရေး၊ အဆောက်အဦများ ပျက်စီးဆုံးရှုံးသွားသည့် ပြည်သူများနှင့် ဝန်ထမ်းများအား နေရာချထားနိုင်ရေးအတွက် မိုးရာသီ မတိုင်မီ နှစ်လအတွင်း အနိမ့်ဆုံးအဆင့် ယာယီအမိုးအကာ ရရှိအောင် စီမံဆောင်ရွက်ရေး၊ အဆောက်အဦများ ပျက်စီးမှု၊ ဖြိုချရန်လိုအပ်မှုနှင့် နေထိုင်ရန်သင့်/မသင့်တို့ကိုအမြန်ဆုံးစာရင်းကောက်ယူရေး၊အဆောက်အဦများကို ဖြိုချရသည်ဖြစ်စေ၊ အပျက်အစီးများကို ဖယ်ရှားရသည်ဖြစ်စေ မိသားစုပိုင် ပစ္စည်းများကို ပြန်လည်ရရှိနိုင်ရေးအတွက် စနစ်တကျစီမံပြုလုပ်ရေး ဆွေးနွေးမှာကြားခဲ့ပါသည်။

ထို့အပြင် နိုင်ငံတကာအကူအညီများ လွယ်ကူချောမွေ့ အဆင်ပြေစေရေးအတွက် စီမံဆောင်ရွက်ပေးနိုင်ရေးနှင့် လမ်းခရီးကန့်သတ်ချက်များနှင့် အကြမ်းဖက်သမားများ၏ နှောင့်ယှက်မှုများ ရှိနေသောကြောင့် လုံခြုံရေးကိစ္စရပ်များ အဆင်ပြေစေရန် ကယ်ဆယ်ရေး ယာဉ်နှင့် ကယ်ဆယ်ရေးအဖွဲ့များ ဖြစ်ကြောင်းကို သိသာထင်ရှားသည့် အမှတ်အသားများ ပြုလုပ်၍ ခွင့်ပြုချက်၊ စီမံချက်တို့ဖြင့် စနစ်တကျ စေလွှတ်ပေးနိုင်ရေး၊ ငလျင်ဒဏ်ကြောင့် သေဆုံးသူများ၊ ဒဏ်ရာရရှိသူများအပေါ် ထောက်ပံ့ကြေးများ အမြန်ဆုံးထုတ်ပေးနိုင်ရေးနှင့် အရေးပေါ် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနိုင်ရေး၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိရေး၊ လျှပ်စစ်မီး လျင်မြန်စွာ ရရှိရေးနှင့် စေတနာရှင်များ၏ ယန္တရားတစ်အုပ်တစ်မ အကူအညီ ပေးထားမှုများအပေါ် အမှန်တကယ်လိုအပ်သည့် လမ်း၊ တံတားနှင့် အဆောက်အဦနေရာများတွင် အသုံးပြုနိုင်ရေးအတွက် စနစ်တကျစီမံ၍ အကျိုးရှိ အောင်ဆောင်ရွက်ရေး၊ ပြည်သူများအနေဖြင့် သဘာဝ ဘေးနှင့်ပတ်သက်သည့်

ဆောင်ရန်၊ ရှောင်ရန် အကြောင်းအချက်များနှင့် သတင်းများကို စောလျင် မြန်ဆန်စွာ သိရှိနိုင်ရေးနှင့် လှူဒါန်းသည့်ပစ္စည်းများမလိုအပ်ဘဲ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ဆပ်ကော်မတီ အလိုက် စနစ်တကျ စာရင်းပြုစုရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို NDMC အဖွဲ့ဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

အစည်းအဝေးအပြီးတွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသော နိုင်ငံတကာမှ လှူဒါန်းထားသည့် ယာယီတဲအဆောက်အဦများ၊ အရေးပေါ်လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးပစ္စည်းများကို လိုက်လံကြည့်ရှု ကြပါသည်။

နိုင်ငံတကာတွင် ကာလတို ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၆ လမှ ၁၂ လအထိ၊ ကာလလတ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၁ နှစ်မှ ၂ နှစ်အထိ၊ ကာလရှည် ပြန်လည်ထူထောင် ရေးလုပ်ငန်းများကို ၂ နှစ်မှ ၅ နှစ်အထိ လိုအပ်ပါက ၁၀ နှစ်အထိ စသည်ဖြင့် ဆောင်ရွက်လေ့ရှိကြသည့် အတွက် မိမိတို့နိုင်ငံ၏ အရင်းအမြစ်ပေါ်တွင်မူတည်ပြီး ကဏ္ဍခွဲခြားဆောင်ရွက်သွားမည်ဆိုပါက အမြန်ဆုံး ပြီးမြောက်အောင်မြင်သည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက် နိုင်မည်ဖြစ်သည့်အတွက် အစည်းအဝေးတွင် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းအလိုက် နယ်မြေ ဒေသအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ရှေ့ဆက် ဆောင်ရွက်သွားမည့်ကိစ္စရပ်များကိုတင်ပြဆွေးနွေးကြရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒေါက်တာစိုးဝင်းတို့က ငလျင်ဘေးဒဏ်သင့် ဒေသများ၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဆောင်ရွက်ပေးမှု၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ပြည်တွင်းမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့မှု၊ ငလျင်ဘေးဒဏ်သင့် အဆောက်အအုံများအတွင်း ကျန်ရှိနေသည့် ပစ္စည်းများအား ကူညီရှာဖွေဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးဒဏ်သင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌သောက်သုံးရေဖြန့်ဝေပေးနိုင်မှုပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် ယာယီ တည်းခိုရေးစခန်းများ တည်ဆောက်၍ နေရာချထားပေးမှု၊ Medium Team ဖွဲ့စည်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ငလျင်ဘေးဒဏ် သင့်ပြည်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ပေးနေမှု၊ နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာမှုနှင့် ငလျင်ဒဏ် သင့်ဒေသများသို့ ဖြန့်ခွဲပေးနေမှုအခြေအနေများကိုရှင်းလင်းတင်ပြကြပါသည်။

ယင်းနောက် အဆောက်အဦများ ပြန်လည်ပြုပြင် အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ကော်မတီ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များဆောင်ရွက်နေမှု၊ ငလျင်ကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများ ရှင်းလင်းခြင်းနှင့် ယာယီရုံးများဦးစားပေးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ ရုံး၊ ဝန်ထမ်းအိမ်ရာနှင့် အထူးအဆောက်အအုံများအား စစ်ဆေးခဲ့မှုနှင့် စစ်ဆေးတွေ့ရှိချက်များ၊ ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ လျာထားဆောင်ရွက်နေမှု အခြေအနေ တို့ကို ရှင်းလင်းတင်ပြပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရန် ဘာရာနှင့် Modular House များ ဆောက်လုပ်ပေးနေမှု၊ ဝန်ထမ်းအိမ်ရာများအား အကဲဖြတ် အရောင် သတ်မှတ်ချက်များအလိုက် ပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းများဆောင်ရွက်နိုင်ရန် စစ်ဆေးခဲ့မှု၊ သဘာဝဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် နိုင်ငံတကာအကူအညီများအား စနစ်တကျ စိစစ်၍ လက်ခံဆောင်ရွက်နေမှု၊ ကျွမ်းကျင်ပညာရှင်အဖွဲ့များ ဖွဲ့စည်း၍ ငလျင်ကြောင့် ပြောင်းလဲသွားသည့် မြေလမ်းကြောင်း အခြေအနေများအား လေ့လာသုံးသပ်ရန်လိုအပ်မှု၊ ငလျင်နှင့်

ပတ်သက်သည့် သတင်းမှန်များကိုလည်း နိုင်ငံပိုင် မီဒီယာမှတစ်ဆင့် ပြည်သူများထံသို့ ထုတ်ပြန်ပေးနေမှု၊ လာမည့် ကျောင်းဖွင့်ရာသီအမီ ကျောင်းများ ပုံမှန် ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု၊ လမ်း၊ တံတား များ ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်ပြီးစီးမှု၊ ငလျင်ဒဏ် ကြောင့်ထိခိုက်ခဲ့သည့် ဆည်မြောင်း၊ တာတမံများအား ပြန်လည်ပြုပြင်ပြီးစီးမှု၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ဈေးကွက်တွင် ဈေးနှုန်းမှန်ကန်စွာဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်ရန် စီမံဆောင်ရွက်ထားရှိမှု၊ ကယ်ဆယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော် (လေ) မှ လေယာဉ်၊ ရဟတ်ယာဉ်များ အဆင်သင့် စုဖွဲ့ထားရှိမှုနှင့် ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပါသည်။

ယင်းနောက်အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးတင်ပြမှုများ အပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ပြီး နိဂုံးချုပ်အမှာ စကားပြောကြားရာတွင် စာရင်း ကောက်ယူရေးအဖွဲ့က တင်ပြလာသည့် ငလျင်ဒဏ် သင့်ဒေသများရှိ အပျက်အစီးစာရင်းများကို စနစ်တကျ ပြုစု၍ ခေါင်းစဉ်များအလိုက် တင်ပြရန်၊ ငလျင်ဒဏ် ခံနိုင်မည့် ဒီဇိုင်းများကို နိုင်ငံတကာအကူအညီဖြင့် လေ့လာဆည်းပူး ဆောက်လုပ်ရန်၊ ပြည်တွင်း၊ ပြည်ပ ကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ငွေများကို စနစ် တကျလက်ခံသွားရန်နှင့် ဖြန့်ခွဲရာတွင် စနစ်တကျ သံသယကင်းစွာဖြင့် ဆောင်ရွက်သွားကြရန်၊ ငလျင် ဘေးဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာ၌ နိုင်ငံတော်က ပေးအပ်ထားသည့် ထောက်ပံ့ငွေများကို အဓိကလိုအပ်သည့်နေရာများတွင် သာသုံးစွဲရန်၊ငလျင်ဒဏ်သင့်အဆောက်အအုံများကြံ့ခိုင် မှုကို တိုင်းတာသည့် ကိရိယာများ ဝယ်ယူရေး တင်ပြ ဆောင်ရွက်ရန်၊ အရောင်အဆင့်အလိုက်သတ်မှတ် ထား သည့် အဆောက်အအုံများကိုလည်း အမြန်ဆုံးပြန်လည် ပြင်ဆင်တည်ဆောက်သွားရန်၊ ပြည်ပမှနှောင်ကြိုးမဲ့ အကူအညီများကို စိစစ်လက်ခံသွားရန်၊ MSME လုပ်ငန်း များပုံမှန်လည်ပတ်နိုင်ရေးလိုအပ်ချက်များနှင့်နိုင်ငံတော် အပိုင်းမှဖြည့်ဆည်းပေးရမည့်အချက်များ၊ ဝန်ထမ်းများ ယာယီတည်းခိုနေထိုင်ရန်ဘာရှာများနှင့်တွဲလျက်ယာယီ ရေချိုးခန်းများကိုလည်း ကျား၊ မ သပ်သပ်ခွဲကာ လုံခြုံစွာ ဆောင်ရွက်ပေးရန် ပြောကြားခဲ့ပါသည်။

ထို့နောက် ဘိလပ်မြေနှင့်ပတ်သက်၍ စက်ရုံ များအလိုက် တစ်ရက်ထုတ်လုပ်ရရှိနိုင်မည့် အိတ်အရေ အတွက်ကိုလည်း အသေးစိတ်တွက်ချက်၍ လက်ရှိ လည်ပတ်နေသည့် စက်ရုံများအလိုက် ထုတ်လုပ်ပြီး ဘိလပ်မြေများကို ငလျင်ဘေးဒဏ် အဓိကခံခဲ့ရသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ပုတ်ပြတ် သတ်မှတ်၍ ရောင်းချပေးနိုင်ရေး အသေးစိတ်စိစစ်၍ ပြန်လည်တင်ပြရန်နှင့် ထုတ်လုပ်မှု၊ ပျက်စီးစက်ရုံ ပြုပြင်မှုပြီးစီးမည့် ခန့်မှန်းကာလနှင့် ပျက်စီးစက်ရုံများ အားလုံးပြုပြင်ပြီးပါက စုစုပေါင်းထွက်ရှိမည့် တစ်ရက် ဘိလပ်မြေအိတ် ပမာဏတို့အား သတင်းထုတ်ပြန် ပေးသွားရန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပျောက်ဆုံးမှုများနှင့် ပတ်သက်၍ မိမိအစီအစဉ်ဖြင့် နေထိုင်သူ မိသားစုများမှ နိုင်ငံသားစိစစ်ရေး ကတ်ပြား အမြန်ဆုံးပြုလုပ်နိုင်ရေး ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေး အဖွဲ့များက နှီးဆော်၍အမြန်ဆုံးပြုလုပ်ပေးရန်၊မကြာမီ ရောက်ရှိလာမည့် တရုတ်နိုင်ငံမှကူညီထောက်ပံ့ သည့် စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီ) တန်ချိန် ငါးသောင်း ရောက်ရှိပါက ဖြန့်ခွဲအသုံးပြုမည့် လျာထားချက်ကို လည်း စွမ်းအင်ဝန်ကြီးဌာနက ကြိုတင် တင်ပြရန် လိုအပ်သလို ရေကြောင်းခရီးဖြင့် ရောက်ရှိလာမည့် Container Modular များနှင့်အခြားသောထောက်ပံ့ရေး ပစ္စည်းများအားကုန်ရထားဖြင့်ရန်ကုန်မှနေပြည်တော်၊ မန္တလေးထိပို့ဆောင်နိုင်ရေးကိုလည်းပို့ဆောင်ဆက်သွယ် ရေး လုပ်ငန်းကော်မတီနှင့် လှူဒါန်းသည့်ပစ္စည်းများ လက်ခံ၊ ဖြန့်ဝေရေးလုပ်ငန်းကော်မတီတို့မှ ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ကော်မတီ အလိုက် တာဝန်ရှိသူများအနေဖြင့် နှောင်အစည်းအဝေး

များတွင် မိမိ၏ဝန်ကြီးဌာန တစ်ခုအတွက်သာမက ငလျင်ဒဏ်သင့်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံးအတွက်ပါ ထည့်သွင်းစဉ်းစား၍ အကြံပြုဆွေးနွေးကြရန် ပြောကြားခဲ့ပါသည်။

## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန ငလျင်ဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်** **နေပြည်တော်**

မြန်မာနိုင်ငံ၌လှုပ်ခတ်ခဲ့သည့် ငလျင်ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center-DMC) ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂/၂၀၂၅ ကို ၄-၄-၂၀၂၅ ရက်နေ့ ၁၄:၀၀ နာရီတွင် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယ ဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ငလျင်လှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲငလျင် ၇၈ ကြိမ် လှုပ်ခတ်ခဲ့ကြောင်း၊ ယခုအခါ ငလျင်လှုပ်ခတ်မှု အကြိမ်အရေအတွက်နှင့် ပြင်းအား လျော့ကျလာပြီဖြစ်ကြောင်း၊ နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၆၅၃ ဦး အသက်ရှင်လျက် ကယ်ဆယ်နိုင်ပြီး၊ Dead Body ၆၄၀ ဦး ရှာဖွေနိုင်ခဲ့ပါကြောင်း၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို အပြီးသတ် ဆောင်ရွက်ရန် လုပ်ငန်းစဉ်အဆင့် ၅၊ Level 5 ကြေညာထားပါကြောင်း၊ ဝန်ထမ်းများနှင့် ပြည်သူများနေထိုင်တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိသဖြင့် မိုးမကျမီ ယာယီ အမိုးအကာအောက်သို့ ရောက်ရှိရေး အမြန်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အဆောက်အဦများကို ထိခိုက်ပျက်စီးမှု ပမာဏအလိုက် အနီရောင်၊ အဝါရောင်နှင့် အပြာရောင်ဟူ၍ အဆင့် ၃ မျိုး ခွဲခြားစစ်ဆေးပေးရန်လိုကြောင်း၊ ယာယီအဆောက်အဦများ အဖြစ် Assembled Board House - ABH များ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆောက်အဦ၊ လမ်းတံတား ကဏ္ဍအလိုက် ပြုပြင်ဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ပေးကြစေလိုပါကြောင်း မှာကြားခဲ့ပါသည်။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)က ရုံး အဆောက်အဦ၊ ဆေးရုံများနှင့် ဝန်ထမ်းအိမ်ရာများကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းကော်မတီတို့မှ ဦးဆောင်၍ ချက်ချင်းစစ်ဆေးပေးရန်လိုကြောင်း၊ နိုင်ငံတကာအကူအညီများနှင့် အလှူပစ္စည်း စာရင်းများအား စနစ်တကျဖြန့်ခွဲနိုင်ရေး ဆောင်ရွက် ပေးကြစေလိုကြောင်း ပြောကြားပြီး လုပ်ငန်း ကော်မတီများမှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာ လုပ်ငန်းအလိုက် ဆောင်ရွက်နေမှု

များကို တင်ပြကြပါသည်။ တင်ပြချက်များအပေါ် ဒုတိယ ဥက္ကဋ္ဌ များက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

အစည်းအဝေးအပြီးတွင် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယ ဥက္ကဋ္ဌများနှင့် အဖွဲ့သည် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့် ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရန် ဆောင်ရွက် လျက်ရှိသည့် ဝဏ္ဏသိဒ္ဓိ၊ သုခသိဒ္ဓိ၊ ဥတ္တရသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ဗလသိဒ္ဓိမြို့နယ်တို့အတွင်းရှိ အားကစားကွင်း (၅) ကွင်းတွင် ယာယီတဲများ တည်ဆောက်နေမှု၊ ရေ၊ မီး၊ မိလ္လာကိစ္စများဆောင်ရွက် ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေး၍ အမြန်ပြီးစီးရေး မှာကြား ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အာဆီယံနိုင်ငံများမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုနှုတ်ဆက်




**၂၀၂၅ ခုနှစ်၊ ဧပြီလ ၆ ရက်** **နေပြည်တော်**

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်အချိန်တွင် ပြင်းအား ၇.၇ ရစ်(ခ်)တာစကေးရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင် လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသည့် အဆောက်အဦများ တွင် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေး လုပ်ငန်း များဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ခဲ့ကြသော အာဆီယံ အဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များ အား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုလက်မှတ်နှင့် အမှတ်တရ ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ငလျင်ဘေးအန္တရာယ် ကျရောက်သည့်ဒေသများသို့ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များ ချက်ချင်းလာရောက်၍ အတူလက်တွဲပူးပေါင်း လျက် လုပ်ငန်းများဆောင်ရွက်ပေးခဲ့မှု အတွက် ကျေးဇူး အထူးတင်ရှိကြောင်း ဦးစွာပြောကြား လိုပါကြောင်း၊ နေပြည်တော်၊ မန္တလေးနှင့် စစ်ကိုင်းမြို့များ တွင် ရှာဖွေကယ်ဆယ်ရေး အဖွဲ့များ၏ နေ့ညမနားမနေ ကြိုးစား ဆောင်ရွက်မှုများကြောင့် အသက်ရှင်လျက် (၈)ဦး ကယ်ထုတ်နိုင်ခဲ့ပြီး သေဆုံးသူ (၁၇၂)ဦး ရှာဖွေနိုင်ခဲ့ပါကြောင်း၊ သဘာဝ ဘေးအန္တရာယ်များကို ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်ရာတွင် ပူးပေါင်း ဆောင်ရွက်မှုများသည် အဓိကကျပါကြောင်း၊ ယခု ကဲ့သို့ လာရောက်ပူးပေါင်းမှုကြောင့် ရှာဖွေကယ်ဆယ် ရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက် နိုင်ခဲ့ပါကြောင်း၊ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များနှင့် မိတ်ဆွေတို့နိုင်ငံမှ စိတ်ပူစွာဖြင့် စာနာကူညီပေးကြ သော ပြည်သူများကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါ

ကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသောရာဖွေကယ်ဆယ်ရေးအဖွဲ့များအားဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရပစ္စည်းများ ပေးအပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့် AHA Centre မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်းနှင့် Under Secretary General Mr. Tom Fletcher တို့ တွေ့ဆုံဆွေးနွေးမှု



**၂၀၂၅ ခုနှစ်၊ ဧပြီလ ၆ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂ၏ တတိယအဆင့်အမြင့်ဆုံးအရာရှိ (Under Secretary General) နှင့် လူသားချင်း စာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး ဖြစ်သူ Mr. Tom Fletcher ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အဆိုပါဝန်ကြီးဌာန၏ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center-DMC) ၌ တွေ့ဆုံခဲ့ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။ တွေ့ဆုံစဉ်တွင် ပြည်ထောင်စုဝန်ကြီးက ရစ်ခ်တာစကေး (၇.၇) အဆင့်ရှိ ငလျင်ဘေးသင့်ဒေသများ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေများ၊ ငလျင်ဘေးသက်ရောက်သည့် ဒေသများရှိ အဆောက်အအုံပျက်စီးမှုများကြောင့် ပိတ်မိနေသူများ ရှာဖွေကယ်ဆယ်ရေးအတွက် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့အစည်းများရောက်ရှိနေသည့် အခြေအနေများ၊ အာဆီယံသဘာဝဘေး အရေးပေါ်ထောက်ပံ့ပို့ဆောင်မှုစနစ်(Disaster Emergency Logistic System for ASEAN) နှင့် နိုင်ငံတကာမှ ငလျင်ဘေး တုံ့ပြန်ဆောင်ရွက်မှုအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့နေမှု အခြေအနေများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ပြောကြားခဲ့ပါသည်။

ထို့နောက် လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး (Under Secretary General) ဖြစ်သူ Mr. Tom Fletcher က မိမိအနေဖြင့် ငလျင်ဘေးသင့်သူ မြန်မာပြည်သူများနှင့်အတူ ထပ်တူဝမ်းနည်းရပါကြောင်း၊ ကုလသမဂ္ဂတွင် ကဏ္ဍအလိုက် ကျွမ်းကျင် ဝန်ထမ်းများစွာရှိပါသဖြင့် မြန်မာနိုင်ငံသို့ စေလွှတ်ကူညီပေးရန်အသင့်ရှိပါကြောင်း၊ ယခုလာရောက်ရခြင်းသည်မြေပြင်အခြေအနေများကို သိရှိပြီးလိုအပ်သည့် အကူအညီများ

ပေးနိုင်ရေး ဆွေးနွေးလိုခြင်းကြောင့် ဖြစ်ပါကြောင်း၊ လူသားချင်းစာနာမှုအကူအညီများပေးပို့လျက်ရှိပါကြောင်း၊ အကူအညီများ ပေးအပ်ရာတွင် လူသားချင်းစာနာမှု အကူအညီဆိုင်ရာ အခြေခံမူများနှင့် အညီ လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်းတို့ကို ရင်းနှီးပွင့်လင်း စွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

## လူမှုဝန်ထမ်း ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ထမ်းများသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက လှူဒါန်းငွေနှင့် ပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်း




**၂၀၂၅ ခုနှစ်၊ ဧပြီလ ၈ ရက် နေပြည်တော်**

မတ် ၂၈ ရက်က ငလျင်လှုပ်ခတ်မှုကြောင့် ဘေးသင့် ပြည်သူများဖြစ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက ငွေကျပ်သိန်းသုံးရာ၊ စတီးထမင်းစားဇလုံ (၁၀၀)၊ စတီးထမင်းစား ပန်းကန်ပြား (၁၀၀)ချပ်၊ စတီးဇွန်း (၃၀၀) ချောင်း၊ စတီးဟင်းထည့်ပန်းကန်လုံး (၁၀၀)၊ ထမင်းချက်ဒန်အိုး၊ ဟင်းချက်ဒယ်အိုးနှင့် ပလပ်စတစ်ဇလားများအား လာရောက်လှူဒါန်းခဲ့ပါ သည်။

ဆက်လက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် DMC ရုံးသို့ ဦးရဲကျော်ထွဋ် (MSI-Microtech Solutions, Switzerland)၊ (Director , Modern Class Co;ltd , Myanmar) က ငွေကျပ် သိန်း (၁၀၀) ကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်အသင်းက ငွေကျပ် သိန်း (၂၀)ကိုလည်းကောင်း၊ ဦးမောင်မောင်သန်း (GOLD TWIN TIGERS TRADING CO;LTD) က ငွေကျပ် သိန်း (၁၁၀၀)နှင့် ငွေကျပ်သိန်း(၅၀၀) တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းနှင့် စက်ပစ္စည်းတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ပြီး ကျေးဇူးတင် စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပါသည်။

# လျှော်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ပြည်တွင်း/ပြည်ပမှ အကူအညီ၊ အထောက်အပံ့ရရှိနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်** **နေပြည်တော်**


လျှော်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ပြည်တွင်း/ပြည်ပမှ အကူအညီ၊အထောက်အပံ့များ ရရှိနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပရာ ဘဏ္ဍာ ငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ဒေါက်တာစိုးဝင်း၊ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးက လျှော်ဘေးတုန့်ပြန် ဆောင်ရွက်မှုနှင့် ပြန်လည် ထူထောင်ရေးအတွက် လက်ရှိ ကာလအထိ အလှူငွေလက်ခံရရှိမှု အခြေအနေများ၊ လျှော်ဘေး ပြန်လည်ထူထောင်ရေး အတွက် သုံးစွဲဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ပြည်တွင်း/ ပြည်ပမှ အကူအညီ၊ အထောက်အပံ့ ရနိုင်ရေးနည်းလမ်းများကို သက်ဆိုင်ရာ ဌာန အဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်Budget မှ ရန်ပုံငွေခွင့်ပြုချက် ရရှိထားမှုအခြေအနေ၊ ၂၀၂၁ ခုနှစ် မတိုင်မီ ကာလက ပြည်တွင်း/ပြည်ပမှ အကူအညီ၊ အထောက်အပံ့ ရရှိမှုအခြေအနေများ၊ လက်ရှိကာလတွင် အကူအညီ၊ အထောက်အပံ့ရနိုင်ရေး ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ပါသည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လျှော်ဘေးဖြစ်ပွားပြီးနောက် ကာလအတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ၏ ရရှိ၊ သုံးစွဲ၊ လက်ကျန် အခြေအနေ၊ ယခင်ကာလများတွင် ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်များအတွက် ပြည်တွင်း/ ပြည်ပမှ အကူအညီ၊ အထောက်အပံ့ ရရှိခဲ့မှုအခြေအနေများကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာသူများမှ အကူအညီ၊ အထောက်အပံ့ရရှိနိုင်ရေး ဆောင်ရွက်ရမည့် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေး ခဲ့ကြပါသည်။

## လူမှုဝန်ထမ်းဦးစီးဌာနနှင့် New Huminity Myanmar တို့ ပူးပေါင်း၍ စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးသင်တန်းကျင်းပခြင်း




၂၁-၄-၂၀၂၅ ရက် လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ မန္တလေးငလျင်၏ သက်ရောက်မှုဒဏ်ကြောင့် ထိခိုက်ခံစားရသော မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီ၊ ရှမ်းပြည်နယ်တို့တွင် လူသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ နေအိမ်များ ပြိုလဲပျက်စီးမှုများကြောင့် ထိခိုက်ခံစားရသောဒေသများရှိ ပြည်သူများအတွက် စိတ်ပိုင်း၊ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ပေးနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွဲ့စည်းထားသော စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးခြင်း (Psycho Social Support- PSS) ဆောင်ရွက်မည့်သူ အဖွဲ့ (၁၁) ဖွဲ့ အပါအဝင် လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်) နှင့် တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံးတို့မှ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူ Case Manager (၁၆၀) ဦးအား စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးရေးဆိုင်ရာ လုပ်ငန်းမဆောင်ရွက်မီ လူမှုဝန်ထမ်းဦးစီး ဌာနနှင့် New Huminity Myanmar တို့ ပူးပေါင်း၍ စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးသင်တန်းအား ကျင်းပဆောင်ရွက်ခဲ့ပါသည်။

## အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာကော်မရှင် (ACWC) ၏ ACWC Work Plan (2026-2030) ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်ခြင်း



အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ (၂၃-၄-၂၀၂၅) ရက်နေ့တွင် ကျင်းပခဲ့သည့် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာကော်မရှင် (ACWC) ၏ ၂၀၂၆-၂၀၃၀ လုပ်ငန်းအစီအစဉ် ACWC Work Plan (2026-2030)ရေးဆွဲရေးညှိနှိုင်းအစည်းအဝေးတွင် ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အာဆီယံဒေသတွင်းလုပ်ငန်းစီမံချက် အကောင်အထည် ဖော်ဆောင်ရွက်ရေး အတွက် နည်းပညာ အထောက်အကူပြုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်း ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်း ဖက်မှုပပျောက်ရေး အာဆီယံဒေသတွင်း လုပ်ငန်းစီမံချက်ဆိုင်ရာ ဆွေးနွေးပွဲများ အာဆီယံ ကလေးသူငယ် အခွင့်အရေး ကိုယ်စားလှယ်ဖြစ်သူ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာ စန်းစန်းအေးနှင့် အာဆီယံ အမျိုးသမီးအခွင့်အရေး ကိုယ်စားလှယ် ဖြစ်သူ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ဥက္ကဋ္ဌ၊ဒေါက်တာသက်သက်ဇင်နှင့်ဘာသာရပ်တာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ACWC Work Plan (2021-2026) အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ New ACWC Work Plan (2026-2030) ရေးဆွဲနိုင်ရေးအတွက် Priorities Areas များ သတ်မှတ်ခြင်းကိစ္စရပ်များ၊ အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးလုပ်ငန်းရပ်များ၊ အာဆီယံ ဒေသတွင်း ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု ပပျောက်ရေး လုပ်ငန်းရပ်များ၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု

ပပျောက်ရေး အာဆီယံ ဒေသတွင်း လုပ်ငန်းစီမံချက် အတွက် End Term Review ရေးသားရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။



အဆိုပါ အစည်းအဝေးတွင် ACWC Myanmar အနေဖြင့်မြန်မာ နိုင်ငံ၏လျှောင်ဒဏ်ခံစား ရသည့် နယ်မြေများသို့ ASEAN Secretariat၊ AHA Center နှင့် အာဆီယံနိုင်ငံများမှ ထောက်ပံ့ ကူညီပေးမှုများအပေါ် ကျေးဇူးတင်ရှိ ပါကြောင်းနှင့် ACWC Work Plan (2021-2026) အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ခဲ့ရသည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး အာဆီယံဒေသတွင်း လုပ်ငန်းစီမံချက် အတွက် မြန်မာနိုင်ငံအနေဖြင့် End Term Review ရေးသားနိုင်ရေး အခြေအနေများအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်တွင်ကလေးပျော်နေရာဖွင့်လှစ်ဆောင်ရွက်ပေးခြင်း



စစ်ကိုင်းခရိုင်၊စစ်ကိုင်းမြို့၊တကောင်းရပ်ကွက်၊

စက္ကူမော် Camp တွင် ၁၄-၄-၂၀၂၅ ရက်နေ့၌ စစ်ကိုင်းခရိုင်လူမှုဝန်ထမ်းရုံးနှင့် Plan international Myanmar တို့ပူးပေါင်း၍ ကလေးပျော်နေရာ -CFS ဖွင့်လှစ်၍ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုဖြစ်စေရေး၊ ပျော်ရွှင်မှုရရှိ စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းရရှိပါသည်။

## ၁၃၈၇ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ သက်ကြီးပူဇော်ပွဲကျင်းပ



၁၃၈၇ ခုနှစ်၊ မြန်မာနှစ်ဆန်း(၁)ရက်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ဦးဆောင်မှုဖြင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် ဘိုးဘွားများအား ပြည်နယ်လူမှုဝန်ထမ်းရုံးမှ နံနက်စာအာဟာရ တာဝန်ယူ ကျွေးမွေးခြင်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ဧည့်သည်တော်များက ဘိုးဘွားများအား ကန်တော့ချိုးဖြင့် ကန်တော့ခြင်း၊ အလှူငွေနှင့်ပစ္စည်းများ ဂါရဝပြု လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြပြီး တက်ရောက် လာသော ဘိုးဘွားများကိုယ်စား အဘိုး (၁) ဦးနှင့် အဘွား (၁) ဦးတို့က ဆုတောင်းမေတ္တာများ ပြန်လည်ပို့သခဲ့ကာ အခမ်းအနားကို ရုတ်သိမ်းခဲ့ပြီး အသက် (၁၀၀) နှစ်နှင့်ထက် ဘိုးဘွား (၁၃) ဦးအား မွန်ပြည်နယ်လူမှုဝန်ထမ်းရုံးမှ တာဝန်ရှိသူများမှ အိမ်တိုင်ရာရောက် လိုက်လံ၍ ဂါရဝပြုကန်တော့ ခဲ့ပါသည်။

အခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်

/ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များ၊ မြို့မိ/မြို့ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စုစုပေါင်းအင်အား (၃၅၀) ဦးခန့် တက်ရောက် ခဲ့ကြပါသည်။ သက်ကြီးပူဇော်ပွဲတွင် ဘိုးဘွား (၁၁၃) ဦးအတွက် အလှူငွေနှင့် ပစ္စည်းတန်ဖိုးစုစုပေါင်း (၂၄၆,၉၉,၀၀၀ိ/ -) ကျပ်အား လှူဒါန်းခဲ့ပါသည်။



## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း မန္တလေးငလျင်သက်ရောက်မှုကြောင့် ခံစားနေရသူများအား စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်း



ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း မန္တလေးငလျင် သက်ရောက်မှုကြောင့် လူသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ နေအိမ်များပြိုလဲပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါ ထိခိုက်ခံစားရသော မြို့နယ်များရှိ ပြည်သူများအတွက် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးနိုင်ရန် အတွက် လူမှုဝန်ထမ်း ဦးစီးဌာနမှ စိတ်လူမှုဆိုင်ရာ ပံ့ပိုးခြင်း ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီးတို့မှစိတ်လူမှုဆိုင်ရာ ပံ့ပိုးခြင်း ဆောင်ရွက်မည့် အဖွဲ့ဝင်များသည်၂၅.၄.၂၀၂၅ ရက်မှ စတင်၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ငလျင် ဘေးဒဏ်ခံစားခဲ့ရသည့် မြို့နယ်များသို့ နေပြည်တော် လူမှုဝန်ထမ်းရုံးနှင့်အတူ ပူးပေါင်း၍ ဆောင်ရွက်လျက် ရှိပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဧပြီလအတွင်း သဘာဝဘေးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်များ၌ လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို လှည့်လည် အသိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

လူမှုရေးရာများနှင့်ပတ်သက်လျှင် HELP LINE ၀၆၇-၃၄၀ ၄၂၂၂ ၀၆၇-၃၄၀ ၄၉၉၉
သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်လျှင် HOT LINE ၀၆၇-၃၄၀ ၄၆၆၆ ၀၆၇-၃၄၀ ၄၇၇၇
၂၄–နာရီ စုံစမ်းမေးမြန်းနိုင်ပြီး လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဧပြီလအတွင်း မီးဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ ဧပြီလ(၂) ရက်နေ့မှ (၂၉) ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ကန်နီကျေးရွာအုပ်စု၊ ညောင်ကုန်း (အရှေ့) ကျေးရွာ၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ လေးအိမ်တန်း ကျေးရွာအုပ်စု၊ လေးအိမ်တန်းကျေးရွာ၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတာကျေးရွာအုပ်စု၊ သမ္မတာကျေးရွာတို့၌ လည်းကောင်း၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကြူဝန်းကျေးရွာအုပ်စု၊ ကြူဝန်းကျေးရွာတို့၌လည်းကောင်း၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရွှေတောင် ရပ်ကွက်၊ အေးသာယာမြို့၊ ရပ်ကွက် (၇) ၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ဆင်ဆိပ်ရပ်ကွက်၊သပြေချောင်းကျေးရွာတို့၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ကဇွန်းမကျေးရွာအုပ်စု၊ ကဇွန်းမကျေးရွာ၊ ရေစကြိုမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ မင်းလှမြို့နယ်၊ မလွန်ကျေးရွာအုပ်စု၊ မလွန်ကျေးရွာ၊ မကွေးမြို့နယ်၊ အုန်းတွဲကျေးရွာအုပ်စု၊ စလံကျေးရွာတို့၌ လည်းကောင်း၊ မီးဘေးသင့် ပြည်သူလူထုဦးရေ (၂၀၉) ဦးတို့အတွက် ဆန်ရိက္ခာ၊ ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးများမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဧပြီလအတွင်း လေပြင်းဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ ဧပြီလ (၉) ရက်နေ့မှ (၂၃) ရက်နေ့အထိ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျုံပျော်မြို့နယ်၊ အစုကြီးကျေးရွာအုပ်စုနှင့် အင်းရဲကြီးကျေးရွာအုပ်စု၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ ငဝန်ဒေါင့်ကြီးကျေးရွာအုပ်စု၊ ငဝန်ဒေါင့်ကြီးကျေးရွာ၊ ငပုတောမြို့နယ်၊ တောင်ကလေးကျေးရွာအုပ်စု၊ တောင်ကလေးကျေးရွာ၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ သပြေချောင်းကျေးရွာအုပ်စု၊ သပြေချောင်းကျေးရွာ၊ ငွေအင်းစုကျေးရွာအုပ်စု၊ ဂရမ်းကျေးရွာနှင့် ဘုရားကုန်းကျေးရွာ၊ အိမ်ယာကြီးကျေးရွာအုပ်စု၊ ကွမ်းခြံစုကျေးရွာ၊ ဘိုကလေးမြို့နယ်၊ ထော်ပိုင်ကျေးရွာအုပ်စု၊ ခမင်းနောင်ကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ လေးအိမ်စုအုပ်စု၊ လေးအိမ်စုကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်အုပ်စု၊ ကွင်းကလေးကျေးရွာ၊ ဝါးတောအုပ်စု၊ကြောင်ရှာကုန်းကျေးရွာနှင့် သဲကုန်းမြောက်ကျေးရွာ၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ချင်းချောင်းကျေးရွာအုပ်စု၊မတောင့်တကျေးရွာနှင့် မကျည်းကုန်းကျေးရွာ၊ ကြိုပင်ကျေးရွာအုပ်စု၊ တော်ဝင်ကျေးရွာနှင့် စက်ကုန်းကျေးရွာ၊

သပြေပင်ကျေးရွာအုပ်စု၊ ကြာနီကန်ကျေးရွာ တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ အုပ်ကြီးကျေးရွာအုပ်စု၊ အုပ်ကြီးကျေးရွာ တို့၌လည်းကောင်း လေပြင်းဘေးသင့် ပြည်သူလူထု ဦးရေ (၃၀၈)ဦး တို့အတွက် ဆန်ရိက္ခာ၊ ကယ်ဆယ်ရေး ပစ္စည်း (၁၆)မျိုး နှင့်အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးများမှ သွားရောက် ထောက်ပံ့ခဲ့ကြပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဧပြီလအတွင်း မိုးကြိုးဘေးထောက်ပံ့မှု



(၁၂-၄-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင် ကျွန်းမြို့နယ်၊ ကျွန်းချောင်းအုပ်စု၊ ကျုံလမုကျေးရွာ၌ မိုးကြိုးဘေး ဖြစ်ပွားခဲ့မှုကြောင့် သေဆုံးသူ (၁) ဦး အတွက် သေဆုံး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) အား (၁၃-၄-၂၀၂၅) ရက်နေ့တွင် လပွတ္တာ ခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဧပြီလအတွင်း ထူးခြားဖြစ်စဉ်အတွက်ထောက်ပံ့မှု



(၁၃-၂-၂၀၂၅) ရက်နေ့မှ (၅-၃-၂၀၂၅) ရက်နေ့ အထိ ရှမ်းပြည်နယ်၊ ကလောခရိုင်၊ ညောင်ရွှေ မြို့နယ်၊ ရေပူကျေးရွာအုပ်စုနှင့် လင်လံတောင်ကျေးရွာအုပ်စု တို့၌ တိုက်ပွဲဖြစ်ပွားမှုကြောင့် ကျေးရွာဘုန်းတော်ကြီး ကျောင်းများသို့ တိမ်းရှောင်ရောက်ရှိ လာသော တိုက်ပွဲ ရှောင်ပြည်သူ (၂၁၁၅) ဦးအတွက် ဆန်ရိက္ခာဖိုး (၇) ရက်စာ ထောက်ပံ့ငွေကျပ် (၄,၄၄၁,၅၀၀/-) အား (၃၁-၃-၂၀၂၅) ရက်နေ့တွင် ရှမ်းပြည်နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၃၁-၃-၂၀၂၅) ရက်နေ့တွင် ရှမ်းပြည်နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ ယာယီတိုက်ပွဲရှောင်ရောက်ရှိလာသော ဌာနဆိုင်ရာ ဝန်ထမ်းနှင့် မိသားစုဝင် အိမ်ထောင်စု (၂၄၄၈) စုမှ တိုက်ပွဲရှောင်ပြည်သူ (၄၃၄၆) ဦး အတွက် ဆန်ရိက္ခာဖိုး (၁) လစာ ထောက်ပံ့ငွေကျပ် (၃၉,၁၄၄,၀၀၀/-) နှင့် ကယ်ဆယ် ရေးပစ္စည်း (၅) မျိုးပါ (၂၄၄၈) ပုံးတို့ကို (၃၁-၃-၂၀၂၅) ရက်နေ့တွင် ရှမ်းပြည်နယ် ဦးစီးမှူးရုံးနှင့် လားရှိုးခရိုင်ဦးစီးမှူးရုံးတို့မှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၅-၃-၂၀၂၅) ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ထူဒူင်ကျေးရွာ၌ အကြမ်းဖက်အဖွဲ့များ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ (၃) ဦး အတွက် ဒဏ်ရာရ ထောက်ပံ့ငွေကျပ် (၁၅၀,၀၀၀/-) အား (၂၅-၃-၂၀၂၅) ရက်နေ့တွင် ကယားပြည်နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ ခဲ့ပါသည်။



(၇-၃-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ ကျွန်းလျားကြီးကျေးရွာအုပ်စု၊ မရမ်းကျင်းကျေးရွာ၌ မိုင်းနင်းမိ၍ ဒဏ်ရာရရှိသူ (၁) ဦး အတွက် ဒဏ်ရာရထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-) အား (၃၁-၃-၂၀၂၅) ရက်နေ့တွင် သာပေါင်းမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (၃/၂၀၂၅) အစည်းအဝေး ကျင်းပပြုလုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြား





**၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်** **နေပြည်တော်**

အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (၃/၂၀၂၅) အစည်းအဝေးကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ကျင်းပပြုလုပ်ရာ အစည်းအဝေးသို့ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားရာတွင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ငလျင် ဘေးသင့် ဒေသများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် အရေးပေါ်ထောက်ပံ့ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတကာအကူအညီများနှင့် စပ်လျဉ်းပြီး လိုအပ်သည့်နေရာများကို အမြန်ဆုံး ရောက်ရှိ ဖြန့်ဝေပေးရန်၊ ဒေသအသီးသီးတွင်ရှိသည့် ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဝန်ကြီးဌာန

အသီးသီးက စာရင်းဇယားများ ကောက်ယူပြီးအမြန်ဆုံး ဖြည့်ဆည်းပေးရန်၊ အများပြည်သူပိုင်လမ်း၊ တံတား ပျက်စီးမှုများနှင့် လမ်းပန်း ဆက်သွယ်ရေး အခက်အခဲ များအတွက် ရေတိုရေရှည် စီမံချက်များရေးဆွဲ ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများကို အမြဲတမ်းအိမ်ရာ များ ဆောက်လုပ်ဆဲကာလတွင် ယာယီ နေထိုင်ရန် နှင့်စပ်လျဉ်းပြီး ဆောင်ရွက်ကြရန် မှာကြားထားပြီးဖြစ် ကြောင်းပြောကြားပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အနေဖြင့် ထုတ်ပြန်ထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက် ခြင်းဖြစ်ကြောင်း၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှု စံသတ်မှတ်ချက် (Assessment, Search & Rescue Level - ASR Level) များအနေဖြင့် အဆင့် (၁) ဘေးအန္တရာယ်ထိခိုက်ခံရသော ဧရိယာ၏အခြေအနေ၊ တည်နေရာနှင့် အခြားဘေးအန္တရာယ်များ ထပ်မံဖြစ်ပွား နိုင်မှု ရှိ/မရှိစိစစ်ခြင်း (Wide Area Assessment)၊ အဆင့် (၂) Wide Area Assessment ဆောင်ရွက်မှုမှ ရရှိသော သတင်းအချက်အလက်များအပေါ်မူတည်ပြီး ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်မည့် အပိုင်း များ ပိုင်းခြားသတ်မှတ်ကာ ဘေးအန္တရာယ်လုံခြုံမှု လုပ်ငန်းများဆောင်ရွက်ခြင်း၊ အဆင့်(၃) ဘေးဒုက္ခ ရောက်ရှိသော မျက်မြင်လူနာများအား ဦးစားပေး အဆင့်အတန်းအလိုက် ကယ်ဆယ်ရွှေ့ထုတ်ခြင်း၊ပိတ်မိ နေသောလူနာများအားရှာဖွေခြင်းနှင့်အသက်ကယ်ဆယ် ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ အဆင့် (၄) ပြိုကျ ပျက်စီးနေသော အဆောက်အအုံများအတွင်း ပိတ်မိ နေသောလူနာများ၊ အသက်ရှင် ကျန်ရစ်သူများ ထပ်မံ ကျန်ရှိမှု ရှိ/ မရှိသေချာစေရန် ဧရိယာ တစ်ခုလုံးအား ခေတ်မီနည်းပညာမြင့်ပစ္စည်းများအသုံးပြုကာရှာဖွေရေး လုပ်ငန်းကို ဆောင်ရွက်ခြင်းနှင့် အဆင့် (၅) ရှာဖွေ ကယ်ဆယ်ရေး နောက်ဆုံးအဆင့်အနေဖြင့် လူအင်အား အသုံးပြုပြီး အပျက်အစီးများအား ဖယ်ရှားရှင်းလင်း ရှာဖွေခြင်း၊ ယာဉ်/ ယန္တရားများအသုံးပြု၍ ဖယ်ရှား ရှင်းလင်းခြင်းတို့ကို နေပြည်တော်ကောင်စီ နယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး တို့တွင် အများဆုံးဆောင်ရွက်ပြီးစီးခဲ့ပြီးမန္တလေးတိုင်းဒေသကြီး တွင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြား ပါသည်။

ထို့နောက် အရေးပေါ်ကာလ ရှာဖွေကယ်ဆယ် ရေးလုပ်ငန်းများ ဆောင်ရွက်မှုများနောက်တွင် ရေးဦး ပြန်လည်ထူထောင်ရေး (Early Recovery) ကို အရှိန် အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆောက် အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ် တည်ဆောက်ရေး ကြီးကြပ်မှု ကော်မတီကို သီးခြား ဖွဲ့စည်းပြီး စစ်ဆေးခြင်း၊ ဆန်းစစ်ခြင်းများပြုလုပ်၍ အရောင်အဆင့်များ သတ်မှတ်ခဲ့ခြားကာ ရရှိလာသည့် အဆင့်သတ်မှတ်ချက်များကို သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) သို့ ပြန်လည် တင်ပြ ရမည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံး မှုများအနေဖြင့် ဧပြီ ၂၅ ရက် စာရင်းများအရ သေဆုံးသူ ၃၇၆၃ ဦး၊ ဒဏ်ရာရရှိသူ ၅၁၀၇ ဦး၊ ပျောက်ဆုံးသူ ၁၁၀ ရှိကြောင်း၊ ငလျင်စတင် ဖြစ်ပွား သည့် အချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် နိုင်ငံတကာကို အကူအညီ တောင်းခံမှုများ ဆောင်ရွက် ခဲ့ကြောင်း နိုင်ငံတကာမှလည်း ကူညီ ကယ်ဆယ်ရေး အဖွဲ့များကို တစ်တပ်တစ်အား စေလွှတ် ဆောင်ရွက် ပေးခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ယနေ့ အချိန်ထိ လေယာဉ်ပေါင်း ၁၄၇ စင်း၊ သင်္ဘော ခုနစ်စင်း၊ မော်တော်ယာဉ် ၂၃ စီးတို့ဖြင့် အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့ဝင်ပေါင်း ၂၀၈၅ ဦး ရောက်ရှိခဲ့ပြီး ထောက်ပံ့ရေး ပစ္စည်းတန်ချိန် ၂၆၃၅ ဒသမ ၉၂ တန်နှင့် ကယ်ဆယ်ရေး ပစ္စည်းတန်ချိန် ၁၁၉၇ ဒသမ ၁၂ တန် စုစုပေါင်းတန်ချိန် ၃၈၃၃ ဒသမ ၈၄ တန် ပေးပို့လှူဒါန်း ကူညီကြသည်ကို ဝမ်းမြောက် ဖွယ်တွေ့ရကြောင်း၊ နိုင်ငံတကာ ဆေးကုသရေးအဖွဲ့ အနေဖြင့်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးနှင့် နေပြည်တော် ကောင်စီနယ်မြေတို့တွင် ယာယီဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်၍ အရေးပေါ် ကုသမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ယနေ့အထိ နိုင်ငံပေါင်းခြောက်နိုင်ငံမှ ဆေးကုသရေးအဖွဲ့ဝင် အင်အား ၃၃၇ ဦးဖြင့် စစ်ကိုင်း၊ မန္တလေးနှင့် နေပြည်တော်တို့တွင်နိုင်ငံအလိုက်အဖွဲ့များ ခွဲ၍ ကျန်းမာရေးဝန်ကြီးဌာနမှကျန်းမာရေးဝန်ထမ်းများ နှင့် ပူးပေါင်းပြီး ဆေးကုသမှုလုပ်ငန်းများကိုဆောင်ရွက် လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း ဧပြီ ၁၉ ရက်နေ့တွင် လျောင်ဘေးဒဏ်သင့် စစ်ကိုင်းနှင့် မန္တလေး တိုင်းဒေသကြီးသို့ ပြန်လည်ထူထောင်ရေးနှင့် လူထု စိတ်ဓာတ်ခွန်အားဖြည့်တင်းအားပေးနိုင်ရန်သွားရောက် ခဲ့သည့်ခရီးစဉ်များတွင် ပျက်စီးသွားခဲ့သည့် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန် ဇရပ်များနှင့် ရှေးဟောင်း သမိုင်းဝင် အဆောက်အအုံများအား အမြန်ဆုံး ရှင်းလင်း နိုင်ရေးနှင့် ပုဂ္ဂလိက အဆင့်မြင့် အဆောက်အအုံများ၏ ပိုင်ရှင်အချို့မှာ ပျက်စီးဆုံးရှုံးခဲ့သည့် အဆောက်အအုံ များအား ပြန်လည်ရှင်းလင်း နိုင်ရေး ငွေကြေးမတတ်နိုင် မှုအပေါ် နိုင်ငံတော်က တတ်နိုင်သမျှ ကူညီပေးပါရန် တင်ပြချက်အရ လည်းကောင်း၊ သက်ဆိုင်ရာတိုင်း ဒေသကြီး ဝန်ကြီးချုပ်များ၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်လက်ရှိ စက်ယန္တရားများအပြင် လိုအပ်ချက်အရ လည်းကောင်း၊ အဆိုပါလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး နှင့် Early Rescue အတွက် နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ တစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး အတွက် ငွေကျပ် ၅၀ ဘီလီယံ၊ မန္တလေးတိုင်းဒေသကြီး အတွက် ငွေကျပ် ၆၀ ဘီလီယံလက်ဝယ်ပေးအပ်ခဲ့ကြောင်းပြောကြားခဲ့ပါသည်။

ထို့အပြင် နေပြည်တော် ကောင်စီနယ်မြေ အတွက် ၁၀ ဘီလီယံနှင့် ရှမ်းပြည်နယ်အတွက် ငါးဘီလီယံကိုလည်း ထပ်မံပေးအပ်ခဲ့ကြောင်း၊ ယင်း ထောက်ပံ့ငွေကို DMC အနေဖြင့်လည်း သက်ဆိုင်ရာ ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးများသို့ပေးပို့ထားပြီး ဖြစ်ကြောင်း၊ ထိုသို့ပေးအပ်ခြင်းမှာ လျောင်ဒဏ်သင့် ဒေသများပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက် ရန်အတွက် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများကို အမြန်ဆုံး ဖယ်ရှားနိုင်ရန်နှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ တွင် တစ်စိတ်တစ်ဒေသ အသုံးပြုနိုင်ရေး ပေးထားခြင်း ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် လျောင်နောက်ဆက်တွဲ ကျန်းမာရေး ဆိုင်ရာ ကပ်ရောဂါကူးစက်မှု ပြဿနာများဖြစ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် နောက်ဆက်တွဲ ရောဂါများဖြစ်ပွားမှုနှင့် ပြန့်ပွားမှုမရှိစေရန် ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ ကျန်းမာရေး အဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် တစ်စိတ်တစ်ပိုင်း ပျက်စီး သွားခဲ့သည့် လူနေအိမ်များ၊ အလုံးစုံပျက်စီး သွားခဲ့သည့် နေအိမ်များကို နိုင်ငံတော်က တတ်နိုင်သမျှ ထောက်ပံ့နိုင်ရေး ဖြစ်နိုင်ခြေ တွက်ချက်တင်ပြရန် လမ်းညွှန်မှာကြားထားကြောင်း၊ ပျက်စီးခဲ့သည့် အိမ် အမျိုးအစားလိုက်နှင့် ပျက်စီးမှုအခြေအနေ၊ ရရှိသည့် DMC ရန်ပုံငွေနှင့် အလှူငွေ အပြင် အလုံးစုံပျက်စီးမှု ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အတွက် ကုန်ကျနိုင်မည့်ငွေအခြေအနေများနှင့်နှိုင်းယှဉ် လေ့လာ၍ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပျက်စီးနေအိမ် များအတွက် ထောက်ပံ့ရမည့် နှုန်းထားများကိုလည်း အမြန်ဆုံးတွက်ချက်တင်ပြနိုင်ရန် လိုအပ်ကြောင်းပြော ကြားခဲ့ပါသည်။

ထို့နောက် ဝန်ထမ်းများနှင့်ပတ်သက်၍ ပျက်စီး သွားခဲ့သည့် ဝန်ထမ်းအိမ်ရာများအလိုက် Level–1 စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေး၍ နိုင်ငံတကာ အသိ အမှတ်ပြု အရောင်သုံးမျိုး (အပြာရောင်၊ လိမ္မော်ရောင် နှင့် အနီရောင်) သတ်မှတ်ချက်များကို အဆောက်အဦ များပြန်လည်ပြုပြင်အသုံးပြုရေးနှင့်အသစ်တည်ဆောက် ရေး ကြီးကြပ်မှုကော်မတီက ကြီးကြပ်စစ်ဆေးခဲ့ပြီး ထပ်မံ၍ Level - 2 အရ အထူးစစ်ဆေးရေးအဖွဲ့များက စက်ကိရိယာများဖြင့် စစ်ဆေးလျက်ရှိကြောင်း၊ အထူး သဖြင့်အနီရောင်နှင့် လိမ္မော်ရောင်အဆင့်သည် အလတ် စားနှင့်အကြီးစား ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ရ မည်ဖြစ်ကြောင်း၊ ယင်းပြင်ဆင်မှုများကို အင်ဂျင်နီယာ၊ ဘူမိဗေဒနှင့် လျောင်ပညာရှင်များပါဝင်သည့် အကြံပြု စစ်ဆေးရေးအဖွဲ့များ၏ အကြံပြုချက်အတိုင်း အချိန်ယူ ပြင်ဆင် ရမည် ဖြစ်ကြောင်း၊ အပြာရောင် သတ်မှတ် ဝန်ထမ်း အိမ်ရာများကိုမူ အနည်းငယ်ပျက်စီးသည့် နံရံအုတ် မဆလာ ကွာကျမှု၊ ပြတင်း တံခါးပြုပြင်မှု၊ ရေ/ မီးနှင့် မိလ္လာစနစ်ပြုပြင်မှုများအတွက် မိမိအစီအစဉ်ဖြင့် လည်းကောင်း၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့်လည်းကောင်း ပြုပြင်နိုင်ပါက ပြုပြင်ကြရန်နှင့် DMC သို့ တင်ပြ ဆောင်ရွက်ရန် လိုအပ်ပါက အပျက်အစီးပြုပြင်ရမည့် အချက်အလက်နှင့် Estimate ပူးတွဲ၍ အချိန်မီတင်ပြ ကြရန် လိုကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် လိမ္မော်ရောင်နှင့် အနီရောင်အဆင့် ၌ နေထိုင်ခဲ့ကြသည့် ဝန်ထမ်းမိသားစုများ အနေဖြင့် လတ်တလော မိမိအစီအစဉ်ဖြင့်သော်လည်းကောင်း၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့်သော် လည်းကောင်း၊ နေထိုင်

ရန် နေရာချထားပြီး ယာယီဘာရှာနှင့် ယာယီနေရာချထားပေးရန် လိုအပ်သည့် ဝန်ထမ်းမိသားစုအရေအတွက်အားအချိန်မီယာယီအမိုးအကာအောက်ရောက်ရှိစေရေးစီမံဆောင်ရွက်ပေးရန်လိုကြောင်း၊လက်ရှိလည်း DMC အနေဖြင့် ယာယီနေထိုင်နိုင်ရန် အတွက်လည်း ဘာရှာများနှင့် Modular House များ ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ထိုသို့ဆောက်လုပ်ရာတွင်ယာယီဘာရှာဆောက်လုပ်မှုကုန်ကျ စရိတ်များကိုလည်း လိုအပ်၍ ပြန်လည်တောင်းခံ လိုပါက DMC သို့ တင်ပြရန်လိုပြီး တောင်းခံရန် မလိုပါကလည်း တောင်းခံခြင်းမပြုရန် မှာကြားလိုကြောင်း၊ နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုများ အနေဖြင့် ဧပြီ ၂၃ ရက်အထိ ၁၅၅ ကြိမ်လှုပ်ခတ်ပြီးဖြစ်ကြောင်း၊ လူမှုကွန်ရက်များတွင်ငလျင်နှင့်ပတ်သက်၍ သတင်းမှားများကို ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ဖန်တီး ဖြန့်ဝေသူကိုလည်း ဖမ်းဆီးခဲ့ရကြောင်း၊ နောက်ဆက်တွဲ ငလျင်ငယ် လှုပ်ခတ်မှုများမှာ ပျမ်းမျှရစ်ချ်တာ စကေး ၄ နှင့် အောက် အများစုဖြစ်ပြီး ရစ်ချ်တာစကေး ၅ ဝန်းကျင်တစ်ကြိမ်ခန့်သာရှိကြောင်း၊ ဧပြီ ၂၃ ရက် နောက်ပိုင်းတွင် နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှု မရှိသေးပါကြောင်း၊ သို့သော်ငလျင်ဒဏ်ခံစားကြရသည့် ပြည်သူများ အနေဖြင့် စိုးရိမ်ကြောင့်ကြမှုမရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများက မိမိတို့မြို့နယ်၊ ရပ်ကွက်များအလိုက် အသိပညာပေးကြစေလိုကြောင်းနှင့် မိမိကိုယ်ကိုမိမိ လုံခြုံရေးအတွက်မှုသတိရှိစွာဖြင့် နေထိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက်ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မူဝါဒများ ချမှတ်ပေးထားကြောင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် အဆောက်အအုံများ အသစ်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေစမ်းသပ်မှု (Soil Test) များ ဆောင်ရွက် ပြီးမှသာ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက် သွားကြရမည် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရန် မြေအနေအထားကို ကျွမ်းကျင် ပညာရှင်များနှင့် ပူးပေါင်း၍ ပြန်လည်ဆန်းစစ် စစ်ဆေးသွားရမည် ဖြစ်ကြောင်း၊ အသစ်ဆောက်လုပ်မည့် အဆောက်အအုံများ ငလျင်ကြောပေါ်တွင် ရောက်ရှိ မနေစေရေးကိုလည်း ဆန်းစစ်ကြရမည်ဖြစ်ကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ရစ်ချ်တာ စကေး ၈ အထိ ခံနိုင်ရည်ရှိသည့် အဆောက်အအုံများကိုသာ ဆောက်လုပ်သွားကြရန်နှင့် ဆောက်လုပ်ဆဲ အဆောက်အအုံများတွင်လည်း ငလျင်ဒဏ် ရစ်ချ်တာ စကေး ၈ အထိ ခံနိုင်ရန် ဒီဇိုင်းပြင်ဆင်ရေးဆွဲခြင်း သို့မဟုတ် ဆောက်လက်စ အဆောက်အအုံ၌ ထပ်မံ၍ လိုအပ်သည့် အားဖြည့်မှုများ ဆောင်ရွက်ကြရန် လိုကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် ထောက်ပံ့ လှူဒါန်းမှုများနှင့် ပတ်သက်၍ အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းမှုများရှိသကဲ့သို့ တစ်ဖက်ကလည်း အချို့စီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့် ကုန်ပစ္စည်းဈေးနှုန်းများကို အဆမတန်တင်၍ ရောင်းချနေကြသည်ကို တွေ့ရှိရကြောင်း၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် သက်ဆိုင်သော လိုအပ်သည့်ပစ္စည်းများကိုလည်း နိုင်ငံတော်က စိစစ်၍ တင်သွင်းခွင့်ပြုထားကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အစည်းအဝေးတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများအလိုက် ပြန်လည်နေရာချထားရေးကိစ္စရပ်များ၊ ရုံးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေမှုကိစ္စရပ်များ၊ မြို့ပြစီမံကိန်းသစ်ရေးဆွဲရေးကိစ္စရပ်များ၊ ရေရရှိရေး၊ နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနေသည့် MSME လုပ်ငန်းများ ပုံမှန် ပြန်လည်လည်ပတ်နိုင်ရေး၊ ပညာရေးဆိုင်ရာ အခြေခံပညာရေးအဆင့်၊ အဆင့်မြင့်ပညာရေးအဆင့် အသီးသီး၏ သတ်မှတ်ကျောင်းဖွင့်ရက်အမီ လုံးဝနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သော ငလျင်ဒဏ်သင့် စာသင်ကျောင်းများနှင့် စာသင်ဆောင်များ အချိန်မီပြုပြင်ပြီးစီးရေးနှင့် ကျောင်းဖွင့်ရာသီအမီ ကျောင်းသား/ ကျောင်းသူများ အမိုးအကာအောက်၌ စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြား၊သင်ယူနိုင်ရေးကိစ္စရပ်များ၊ ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ ယာယီတည်းခို နေထိုင်ရန် ဘာရှာများနှင့် Modular House များ တည်ဆောက်၍နေရာချထားရေးကိစ္စရပ်များ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ အခက်အခဲမရှိရရှိရေး ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ပြန်လည် ထူထောင်ရေးကိစ္စများတွင် လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရန်လိုကြောင်း၊ ပြန်လည်

ထုထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် ဆောင်ရွက် ပေးသင့်သည်များကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း မိမိတို့တတ်နိုင်သည်များကို တစ်နိုင်တစ်ပိုင် ဆောင်ရွက်သွား မည်ဆိုပါက သဘာဝဘေးအန္တရာယ်ကို အောင်မြင်စွာ ကျော်လွှား နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတကာတွင် ကာလတို ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၆ လ မှ ၁၂ လ အထိ၊ ကာလလတ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၁ နှစ်မှ ၂ နှစ်အထိ၊ ကာလရှည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၂ နှစ်မှ ၅ နှစ်အထိ လိုအပ်ပါက ၁၀ နှစ်အထိ စသည်ဖြင့် ဆောင်ရွက်လေ့ရှိကြသည့်အတွက် မိမိတို့နိုင်ငံ၏ အရင်းအမြစ်ပေါ်တွင်မူတည်ပြီး ကဏ္ဍခွဲခြားဆောင်ရွက် သွားမည်ဆိုပါက အမြန်ဆုံးပြီးမြောက်အောင်မြင်သည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အစည်းအဝေးတွင် သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းအလိုက်၊ နယ်မြေဒေသအလိုက်ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက် သွားမည့်ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရန်လိုကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒေါက်တာစိုးဝင်း တို့က ငလျင်ဘေးဒဏ်သင့် ဒေသများ၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဆောင်ရွက်ပေးနေမှု၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ပြည်တွင်းမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့မှု၊ ငလျင်ဘေးဒဏ်သင့် အဆောက်အအုံများအတွင်း ကျန်ရှိနေသည့်ပစ္စည်းများအား ကူညီရှာဖွေဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးဒဏ်သင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သောက်သုံးရေဖြန့်ဝေပေးနိုင်မှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် ယာယီတည်းခိုရေး စခန်းများတည်ဆောက်၍ နေရာချထားပေးမှု၊ Medium Team ဖွဲ့စည်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ငလျင် ဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးနေမှုအခြေအနေများကိုရှင်းလင်းတင်ပြကြပါသည်။

ထို့နောက် အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ကော်မတီ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များဆောင်ရွက်နေမှု၊ ငလျင်ကြောင့်ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများ ရှင်းလင်းခြင်းနှင့် ယာယီရုံးများဦးစားပေးဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့မှု၊ စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ ရုံး၊ ဝန်ထမ်းအိမ်ရာနှင့် အထူးအဆောက်အအုံများအား စစ်ဆေးခဲ့မှုနှင့် စစ်ဆေးတွေ့ရှိချက်များ၊ ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ လျာထားဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပါသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားတင်ပြပြီး အစည်းအဝေးသို့ တက်ရောက် လာကြသူများက ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရန် ဘာရာနှင့် Modular House များဆောက်လုပ်ပေးနေမှု၊ ကျွမ်းကျင်ပညာရှင်အဖွဲ့များဖွဲ့စည်း၍ ငလျင်ကြောင့်ပြောင်းလဲသွားသည့် မြေလမ်းကြောင်း အခြေအနေများအား လေ့လာ သုံးသပ်ရန်လိုအပ်မှု၊ ငလျင်နှင့်ပတ်သက်သည့် သတင်းမှန်များကိုလည်း နိုင်ငံပိုင်မီဒီယာမှ တစ်ဆင့် ပြည်သူများထံသို့ ထုတ်ပြန် ပေးနေမှု၊ လာမည့်ကျောင်းဖွင့်ရာသီအမီ ကျောင်းများ ပုံမှန်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု၊ လမ်း၊ တံတားများထိခိုက်ပျက်စီးမှုနှင့် ပြုပြင်ပြီးစီးမှု၊ ငလျင် ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ဆည်မြောင်း၊ တာတမံများအားပြန်လည်ပြုပြင်ပြီးစီးမှု၊ကယ်ဆယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရေးအတွက် တပ်မတော် (လေ) မှ လေယာဉ်၊ ရဟတ်ယာဉ်များ အဆင်သင့် စုဖွဲ့ထားရှိမှုနှင့် ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ထူထောင်ရေး၌ အဓိက လိုအပ်

သည့် ဘိလပ်မြေနှင့်ပတ်သက်၍ ငလျင်မလှုပ်မီ ဘိလပ်မြေစက်ရုံကိုးရုံမှ တစ်ရက်လျှင်တန် ၃၀၇၀၀ (အိတ် ၆၁၄၀၀၀) ထုတ်လုပ်ခဲ့သော်လည်း ငလျင်လှုပ်ပြီးနောက်ပိုင်း စက်ရုံခြောက်ရုံမှ ဘိလပ်မြေ တန် ၁၇၁၀၀(အိတ်၃၄၂၀၀၀)ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ မေ ၁၅ ရက်တွင် ဘိလပ်မြေ တန် ၂၂၁၀၀ (အိတ် ၄၄၂၀၀၀) ထွက်ရှိနိုင်ရေး ထပ်မံတိုးမြှင့် ထုတ်လုပ်သွားမည်ဖြစ်ပြီး စက်တင်ဘာလတွင် ဘိလပ်မြေ တန် ၃၂၁၀၀ (အိတ် ၆၄၂၀၀၀) အထိထွက်ရှိအောင် ထပ်မံတိုးမြှင့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘိလပ်မြေတစ်အိတ် ဈေးနှုန်းကိုလည်း တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀ ဖြင့် ဘေးသင့်အဆောက်အအုံများသို့ ရောင်းချ၍ပေးရန် သက်ဆိုင်ရာစက်ရုံများသို့ ဈေးနှုန်းသတ်မှတ် ပေးထားကြောင်း ရှင်းလင်းတင်ပြပါသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေး တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင်စာရင်းကောက်ယူရေးအဖွဲ့က တင်ပြလာသည့် ငလျင်ဒဏ်သင့်ဒေသများရှိ အပျက်အစီးစာရင်းများကို စနစ်တကျပြုစု၍ ခေါင်းစဉ်များအလိုက် တင်ပြရန်၊ ငလျင်ဒဏ်ခံနိုင်မည့် ဒီဇိုင်းများကိုနိုင်ငံတကာအကူအညီဖြင့်လေ့လာဆည်းပူး ဆောက်လုပ်ရန်၊ ပြည်တွင်း၊ ပြည်ပ ကယ်ဆယ်ရေး ပစ္စည်းများ၊ ထောက်ပံ့ငွေများကို စနစ်တကျ လက်ခံသွားရန်နှင့် ဖြန့်ခွဲရာတွင် စနစ်တကျ သံသယကင်းစွာဖြင့် ဆောင်ရွက်သွားကြရန်၊ ငလျင် ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာ၌နိုင်ငံတော်ကပေးအပ်ထားသည့် ထောက်ပံ့ငွေများကို အဓိကလိုအပ်သည့် နေရာများတွင်သာ သုံးစွဲရန်၊ ငလျင်ဒဏ်သင့်အဆောက်အအုံများ ကြံ့ခိုင်မှုကိုတိုင်းတာသည့် ကိရိယာများဝယ်ယူရေး တင်ပြဆောင်ရွက်ရန်၊ အရောင်အဆင့်အလိုက်သတ်မှတ် ထားသည့် အဆောက်အအုံများကိုလည်းအမြန်ဆုံး ပြန်လည်ပြင်ဆင်တည်ဆောက်သွားရန်၊ ပြည်ပမှ နှောင်ကြိုးမဲ့ အကူအညီများကို စိစစ်လက်ခံသွားရန်၊ MSMEလုပ်ငန်းများပုံမှန်လည်ပတ်နိုင်ရေးလိုအပ်ချက်များနှင့်နိုင်ငံတော်အပိုင်းမှဖြည့်ဆည်းပေးရမည့် အချက်များ၊ ဝန်ထမ်းများ ယာယီတည်းခိုနေထိုင်ရန် ဘာရာများနှင့် တွဲလျက် ယာယီရေချိုးခန်းများကိုလည်း ကျား၊ မ သပ်သပ်ခွဲကာ လုံခြုံစွာ ဆောင်ရွက်ပေးရန် ပြောကြားခဲ့ပါသည်။

ထို့နောက် ဘိလပ်မြေနှင့်ပတ်သက်၍ စက်ရုံများအလိုက် တစ်ရက်ထုတ်လုပ်ရရှိနိုင်မည့် အိတ်အရေအတွက်ကိုလည်း အသေးစိတ်တွက်ချက်၍ လက်ရှိလည်ပတ်နေသည့် စက်ရုံများအလိုက် ထုတ်လုပ်ပြီး ဘိလပ်မြေများကို ငလျင်ဘေးဒဏ် အဓိကခံခဲ့ရသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ပုတ်ပြတ်သတ်မှတ်၍ ရောင်းချပေးနိုင်ရေး အသေးစိတ်စိစစ်၍ ပြန်လည်တင်ပြရန်နှင့် ထုတ်လုပ်မှု၊ ပျက်စီးစက်ရုံ ပြုပြင်မှုပြီးစီးမည့် ခန့်မှန်း ကာလနှင့်ပျက်စီးစက်ရုံများ အားလုံးပြုပြင်ပြီးပါက စုစုပေါင်းထွက်ရှိမည့် တစ်ရက် ဘိလပ်မြေအိတ် ပမာဏတို့အား သတင်းထုတ်ပြန်ပေးသွားရန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနက ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပျောက်ဆုံးမှုများ နှင့် ပတ်သက်၍ မိမိအစီအစဉ်ဖြင့်နေထိုင်သူ မိသားစုများမှ နိုင်ငံသားစိစစ်ရေးကတ်ပြား အမြန်ဆုံး ပြုလုပ်နိုင်ရေး ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့များကနှီးဆော်၍ အမြန်ဆုံး ပြုလုပ်ပေးရန်၊ မကြာမီရောက်ရှိလာမည့် တရုတ်နိုင်ငံမှ ကူညီထောက်ပံ့သည့် စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီ) တန်ချိန် ငါးသောင်း ရောက်ရှိပါက ဖြန့်ခွဲအသုံးပြုမည့် လျာထားချက်ကိုလည်း စွမ်းအင်ဝန်ကြီးဌာနကကြိုတင်တင်ပြရန် လိုအပ်သလို ရေကြောင်းခရီးဖြင့် ရောက်ရှိလာမည့် Container Modular များနှင့် အခြားသောထောက်ပံ့ရေးပစ္စည်းများအား ကုန်ရထား ဖြင့် ရန်ကုန်မှ နေပြည်တော်၊ မန္တလေးထိ ပို့ဆောင်နိုင်ရေးကိုလည်း ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း ကော်မတီနှင့် လှူဒါန်းသည့် ပစ္စည်းများလက်ခံ၊ ဖြန့်ဝေရေး လုပ်ငန်းကော်မတီတို့မှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ကော်မတီအလိုက်တာဝန်ရှိသူများအနေဖြင့်နောင်အစည်းအဝေးများတွင်မိမိ၏ဝန်ကြီးဌာနတစ်ခုအတွက်သာမက ငလျင်ဒဏ် သင့်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံး အတွက်ပါ ထည့်သွင်းစဉ်းစား၍ အကြံပြုဆွေးနွေးကြရန် ပြောကြားခဲ့ပါသည်။